EIEIO

Evidence-based International Early Intervention Office

# ROUTINES-BASED INTERVIEW CHECKLIST (WITH ECOMAP)

မေးမည့်သူ(များ)၊____________________________________________ နေ့စွဲ၊____________________

လေ့လာသူ၊ __________________________ **+** ရသောအချက်များ၊______၊ အမှတ်ပေးထားသောအချက်များ________%:______

မှတ်တမ်းရေးသူ၊ ________________________ **+** ရသော အရောင်ရင့်ပြအချက်များ၊____ ၊ အမှတ်ပေးထားသောအချက်များ____%:__

မှန်ကန်စွာလုပ်ဆောင်နိုင်ခြင်းသတ်မှတ်ချက်ကို ☐ ပြည့်မီသည်၊ ☐ မပြည့်မီပါ။. **+** ရသော EISR အချက်များ၊______၊ အမှတ်ပေးထားသောအချက်များ_____%:_____

**မှန်ကန်စွာလုပ်ဆောင်နိုင်ခြင်း သတ်မှတ်ချက်** - အောက်ဖော်ပြပါ အချက်အားလုံး၌ သတ်မှတ်ထားသည့် အမှတ်ကို ရရှိလျှင် RBI ကို မှန်ကန်စွာ လုပ်ဆောင်နိုင်သည်ဟု သတ်မှတ်ပါသည်။

**(က)** အမှတ်ပေးထားသောအချက်များ၏ ၈၀% ကို လုပ်ဆောင်သည်။ (လုပ်ဆော င်ခြင်းကြောင့် **+** အမှတ်အသား ရ ထားသည်။)

**(ခ)** အရောင်ရင့်ပြအချက်များ၏ ၈၀% ကို လုပ်ဆောင်သည်။ (လုပ်ဆော င်ခြင်းကြောင့် **+** အမှတ်အသား ရ ထားသည်။)

**(ဂ)** engagement, independence, and social relationships အချက်များ (နံပါတ် ၃၄ မှ ၄၃) မှ အနည်းဆုံး (၆)ချက်ကို လုပ်ဆောင်ရမည်။

**အတိအကျသုံးရမည့် စကားလုံးများ -** အချို့နေရာအနည်းငယ်တွင်၊ သုံးရမည့် စကားလုံးကိုသာ အတိအကျ သုံးပြီး မေးရပါမည်။ ဤစကားလုံးများကို *စာလုံးစောင်း* များဖြင့် ဖော်ပြထားပါသည်။

**အရောင်ရင့်ပြအချက်များ -** အထူးဂရုစိုက်ရမည့်အချက်များကို **အရောင်ရင့်** ဖြင့် ဖော်ပြထားပါသည်။ သင်တန်းဆရာသည် Feedback ပေးသည့်အခါ၊ ဤအချက်များကို အာရုံစိုက်ရပါမည်။ သင်တန်းဆရာတို့သည် ဤအရောင်ရင့်ပြ အချက်အများအပြားကို မလုပ်ဆောင်ထားသည့် သင်တန်းသားအား RBI ကို မှန်ကန်စွာ လုပ်နိုင်သူဟု မသတ်မှတ်ပါ၊ RBI Certification Institute တွင် အရောင်ရင့်ပြအချက်(၁) ခုကို မလုပ်ရုံနှင့် RBI ကို မှန်ကန်စွာ မလုပ်နိုင်သူဟု မသတ်မှတ်ပါ။

**EISR = Engagement, Independence, Social Relationship**

| အမှတ်ပေးခြင်း | + | +/- | - |
|---|---|---|---|
| | ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်သည် | လုပ်ဆောင်သည်၊ မပြည့်စုံ | မလုပ်ဆောင် (သို့မဟုတ်) မှားယွင်းစွာ လုပ်ဆောင်သည် |

| **မေးမြန်းသူသည် အောက်ပါအချက်များကို လုပ်ဆောင်ပါသလား...** | **အမှတ်** | **မှတ်ချက်** |
|---|---|---|
| **လူမှုအခြေပြပုံဇယား (Ecomap)** | | |
| (၁) မိသားစုကို နှုတ်ခွန်းဆက်စကားပြောသလား၊ တစ်ဦးချင်းစီကို ဆောင်ရွက်မည့်ကိစ္စကိုပါ ပြောပြ၍ မိတ်ဆက်သလား၊ (ဥပမာ၊ မှတ်တမ်းရေးမည့်သူ) | | |
| (၂) **Ecomap ၏ ရည်ရွယ်ချက်ကို မိသားစုအား ရှင်းပြသလား၊ မိဘဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းများအပါအဝင် မိသားစု၏ ပတ်ဝန်းကျင် အသိုင်းအဝန်း၊ ရရှိနေသော အကူအညီများကို သိရှိရန် နှင့် မိသားစု၏ လိုအပ်ချက်နှင့် ကိုက်ညီရန်အတွက် အကူအညီ ပေးရန်** | | |
| (၃) မိသားစုကို သူတို့ မပြောလိုသော အကြောင်းအရာကို မပြောရန် အသိပေးပါသလား။ | | |
| (၄) မည်သူတို့သည် ကလေးနှင့် တအိမ်တည်း အတူနေကြပါသလဲ ဟု မေးပြီး၊ စာရွက်၏အလယ်တွင် အကွက်တစ်ခုဆွဲကာ အကွက်တွင်း၌ ၎င်းတို့ကို ဖော်ပြသလား၊ အိမ်မွေးတိရစ္ဆာန် ကိုလည်း ထည့်နိုင်သည်။ | | |
| (၅) မည်သည့်ကလေးသည် မည်သည့် ဝန်ဆောင်မှုမျိုးကို ရရှိနေ သလဲ ဟု မေးသလား၊ ဝန်ဆောင်မှု ရရှိရခြင်း အကြောင်းကို မေးသလား။ | | |
| (၆) အခြားသော ကလေးများ၏ အသက်ကို မေးသလား။ | | |

| | | |
|---|---|---|
| (၇) တအိမ်တည်းနေ မိသားစုအကွက်၏ အပေါ်တွင် informal supports ကို ဆွဲသလား? | | |
| (၈) **Informal support တစ်ခုချင်းစီအတွက် မည်မျှ အတိုင်းအတာထိ အကူအညီရကြောင်း ခန့်မှန်းနိုင်ရန် နောက်ဆက်တွဲမေးခွန်းများကို မေးသလား။ (ဥပမာ၊ ဘယ်လောက်တခါ ဆက်သွယ်စကားပြော ဖြစ်ကြသလဲ (သို့) တွေ့ဖြစ်ကြသလဲ။)** | | |
| (၉) **တစ်ဦးချင်းစီအတွက် အကူအညီရမှုအတိုင်းအတာမျဉ်းများ (အားကောင်း၊ အသင့်အတင့်၊ ရှိနေရုံသာ၊ စိတ်ဖိစီးမှုဖြစ်စေ) ဆွဲသလား။** | | |
| (၁၀) မေးခွန်းဖြေနေသူ၏ မိဘဆွေမျိုးများအကြောင်းကို မေးသလား။ | | |
| (၁၁) မေးခွန်းဖြေနေသူ၏ အိမ်ထောင်ဖက်၏ မိဘဆွေမျိုးများ အကြောင်းကို မေးသလား။ | | |
| (၁၂) မေးခွန်းဖြေနေသူ၏ အချစ်ဆုံးသူငယ်ချင်းနှင့် သူငယ်ချင်းများ အကြောင်း မေးသလား။ | | |
| (၁၃) အိမ်နီးချင်းများအကြောင်း မေးသလား။ | | |
| (၁၄)ကိုးကွယ်ယုံကြည်မှုဆိုင်ရာအကူအညီ(ဥပမာ၊ဘုန်းကြီးကျောင်း၊ ဝတ်ရွတ်အသင်း၊ ခရစ်ယန်ဘုရားကျောင်း၊ ဗလီ) အကြောင်း မေးသလား။ | | |
| (၁၅) အလုပ်အကြောင်း မေးသလား၊ အလုပ်ကို နှစ်သက်မှု ရှိသလား၊ လစာ(ဝင်ငွေ)က အဆင်ပြေသလား ဟု မေးသလား။ | | |
| (၁၆)မိသားစုဝင်များ၏ အားလပ်ချိန် အပန်းဖြေလုပ်ဆောင်မှု အကြောင်း မေးသလား။ | | |
| (၁၇) **မိသားစုဝင် မည်သူမဆို ရရှိနေသည့် ဝန်ဆောင်မှုများအကြောင်း မေးသလား၊ အထူးသဖြင့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေး ဆိုင်ရာ ဝန်ဆောင်မှု/ အထူးပညာရေးဆိုင်ရာ ဝန်ဆောင်မှု။** | | |

| | | |
|---|---|---|
| (၁၈)**Formal support တစ်ခုချင်းစီအတွက် မည်မျှ အတိုင်းအတာထိ အကူအညီရကြောင်း ခန့်မှန်းနိုင်ရန် နောက်ဆက်တွဲ မေးခွန်းများ မေးသလား။ (ဥပမာ၊ သူတို့ရဲ့ဝန်ဆောင်မှုကို ဘယ်လောက်ထိ နှစ်သက်ပါသလဲ။)** | | |
| (၁၉) အိမ်ရှိ ကလေးများ တက်နေသောကျောင်း အကြောင်း မေးပါသလား။ (ဥပမာ၊ ကလေးထိန်းကျောင်း၊ မူကြို ကျောင်း၊ (သို့) အခြားသော ကျောင်းတခုခု) | | |
| (၂၀) ကလေးကို ကုသမှုပေးနေသော ကျန်းမာရေးဆိုင်ရာ ပညာရှင်များ အကြောင်း မေးပါသလား။ | | |
| (၂၁) ငွေကြေးဆိုင်ရာ အကူအညီရမှုအကြောင်း မေးသလား၊ (ဥပမာ၊ အဖွဲ့တခုခုက ပံ့ပိုးထောက်ပံ့မှု၊ အာမခံဝယ်ထားခြင်းကြောင့် အကူအညီရရှိနေမှု) | | |
| (၂၂)မိသားစုက မည်သည့်အထောက်အပံ့မှ မရကြောင်း ပြောလျှင်၊ လူမှုအခြေပြုဇယားပုံကို မည်သို့ထင်မြင်ကြောင်း မေးသလား။ | | |
| (၂၃)RBIအဆုံးပိုင်းတွင် မိသားစုက ဆုံးဖြတ်မည့် မျှော်မှန်းရလဒ် များကို ရရှိစေရန်အတွက် ဤအချက်အလက်များ ကို အသုံးပြုမည် ဖြစ်ကြောင်း ထပ်မံအသိပေးပါသလား။ | | |
| (၂၄) Ecomap ကို မည်သို့ ထိန်းသိမ်းမည့်အကြောင်း အသိပေးသလား။ မိတ္တူလိုချင်သလားဟု မေးသလား။ | | |
| (၂၅) RBI ကို ဆက်လက်မမေးမီ၊ လိုအပ်သော အီးစီအိုင်ဝန်ဆောင်မှု ဦးစားပေးအစီအစဥ်ကို မိသားစုက ရွေးချယ်သည့်အခါ အကူအညီ ဖြစ်စေမည့် မိသားစု၏ တနေ့တာဖြတ်သန်းမှု အကြောင်းကို နောက်တဆင့်အနေနှင့် မေးမည်ဖြစ်ကြောင်း မိသားစုကို အသိပေးပါသလား။ | | |
| **RBI ကို စတင်ခြင်း** | | |
| (၂၆) နေရာယူပုံ - အဓိကမေးမြန်းမည့်သူသည် မိဘ၏ ဘေး (၄၅ဒီဂရီ)တွင် ထိုင်သလား၊ ဒုတိယလူသည် အဓိကမေးမြန်း မည့်သူ၏ ဘေးတွင် ထိုင်သလား။ | | |

| | | |
|---|---|---|
| (၂၇) အကယ်၍ RBI မတိုင်ခင် ecomap ကို မလုပ်ထားလျှင်၊ RBI ၏ ရည်ရွယ်ချက်ကို ရှင်းပြသလား။ (မိသားစုအကြောင်းကို သိရန် နှင့် အီးစီအိုင်မှ ဘာလိုချင်သည်ကို မိသားစုက ဆုံးဖြတ်နိုင်ရန်အတွက် အကူအညီပေးရန်) | | |
| (၂၈)မိဘတို့အား သူတို့ကလေးအတွက် အဓိက စိတ်ပူပန်မှုများ အကြောင်းကို မေးသလား။ | | |
| **လုပ်နေကျအလုပ်များ (Routines)** | | |
| (၂၉) မိဘကို *သူ့တနေ့တာက ဘယ်လို အစပြုပါသလဲ* ဟု မေးသလား။ | | |
| (၃၀) ဖွံ့ဖြိုးမှုဧရိယာများကို အာရုံမစိုက်ဘဲ လုပ်နေကျ ဖြစ်စဉ်များ (routines) ကိုသာ အာရုံစိုက်ထားပါသလား။ | | |
| (၃၁) လုပ်ဆောင်မှု (routine) ဟု မသုံးဘဲ မနက်၊ နေ့လယ်၊ ညနေ စသည့် အချိန်အသုံးအနှုန်း(time of day) ကို သုံးပါသလား။ | | |
| (၃၂) လုပ်နေကျဖြစ်စဉ်နှင့်လုပ်ကိုင်ပုံအကြောင်း (routine and functioning)ကို နားလည်မှုရစေရန် ကနဦးပိုင်းတွင် အဖွင့်မေးခွန်း များ(open-ended questions)ကို အသုံးပြု ပါသလား။ [နောက်ပိုင်း တွင် အပိတ်မေးခွန်းများ (closed-ended questions)ကို လိုအပ်သလို အသုံးပြုသည်။] | | |
| (၃၃) Routine တစ်ခုစီတိုင်းတွင်၊ ကလေးဘာလုပ်နေသလဲ အပြင် မည်သည့် မိသားစုဝင်များ (သို့) မည်သည့် အတန်းဖော်များပါ ရှိသလဲ ဆိုသည့် အကြောင်းသိရန် မေးသလား။ | | |
| **EISR (Items 34-43)** | | |
| (၃၄) **Routine တစ်ခုစီတိုင်းတွင်၊ ကလေး မည်သို့ပါဝင် ဆောင်ရွက်ပုံ အကြောင်းကို သိရန် မေးခွန်းများ မေးသလား** (engagement) | | |
| (၃၅)**ကလေးသည် လူကြီးများ၊ အခြားကလေးများ၊ သို့မဟုတ် အရာဝတ္ထုများ၊ လုပ်ဆောင်နေမှုများအပေါ် အာရုံရှိမှု၊ စူးစိုက်ဆက်သွယ်နေမှုရှိလားကို သိရန်အတွက် မေးခွန်းများ မေးသလား။** | | |

| | | |
|---|---|---|
| (၃၆)**ကလေး၏ လုပ်နေသောအရာအပေါ် အာရုံစိုက် ပါဝင်ပုံ အမျိုးမျိုး အကြောင်းကို မေးသလား။ (ဥပမာ၊ ထပ်ခါတလဲလဲ လုပ်နေခြင်း၊ ကွဲပြားခြားနားသော အမူအကျင့်၊ ပြဿနာကို ဖြေရှင်းပုံ၊ အပြုသဘောဆောင်သည့် အာရုံစိုက် ဆက်သွယ်မှု)** | | |
| (၃၇) **Routine တစ်ခုစီတိုင်းတွင်ကလေး သူ့ဘာသာသူ လုပ်ဆောင်နိုင် မှု အခြေအနေကိုသိရန်အတွက် မေးခွန်းများ မေးသလား။** | | |
| (၃၈) **ကလေးသည် အကူအညီတောင်းခြင်း၊ ယူခြင်းတို့ လုပ်သလား ဟုသိရန်အတွက် မေးခွန်းများ မေးသလား။** | | |
| (၃၉) **Routine တစ်ခုစီတိုင်းတွင်၊ ပြုစုစောင့်ရှောက်သူက ကလေးကို သူ့ဘာသာသူ ဘယ်အတိုင်းအတာထိ လုပ်နိုင်စေချင်သလဲကို သိရန်အတွက် မေးခွန်းများ မေးသလား။** | | |
| (၄၀) **Routine တစ်ခုစီတိုင်းတွင် ကလေးနှင့် အခြားသူများအကြား အပြန်အလှန်ဆက်သွယ်တုံ့ပြန်မှုများ အကြောင်း မေးခွန်းများ မေးသလား။ (social relationships)** | | |
| (၄၁) **Routine တစ်ခုစီတိုင်းတွင် ကလေးသည် ပြောစကားများကို မည်မျှအထိ နားလည်သလဲကို သိရန်အတွက် မေးခွန်းများ မေးသလား။ (social relationships)** | | |
| (၄၂)**ကလေး၏ ဖော်ပြဆက်သွယ်နိုင်စွမ်း (စကားလုံးများ၊ အမူအရာများ၊ ရုပ်ပုံ/သင်္ကေတများ၊ ဆက်သွယ်ရန် အထောက်အကူပြုပစ္စည်း) ကို သိရန်အတွက် မေးခွန်းများ မေးသလား။** | | |
| (၄၃) **ကလေးသည် အခြားသူများနှင့် အဆင်ပြေပြေရှိသလားကို သိရန်အတွက် မေးခွန်းများ မေးသလား။** | | |
| (၄၄) **ဖွံ့ဖြိုးမှုအဆင့်နှင့် သင့်လျော်သည့် မေးခွန်းများကို မေးသလား။** | | |

| | | |
|---|---|---|
| (၄၅) ကလေးပြုမူလုပ်ဆောင်မှုများအပေါ် မေးခွန်းများကို ဖြေနေသူ ၏ အမြင်ကို မေးပါသလား။ (ကလေးက ဘာဖြစ်လို့ ဒီလိုမျိုး လုပ်ဆောင်နေတယ်လို့ ထင်ပါသလဲ။) | | |
| (၄၆) **Routine တွင် ပြဿနာလုံးဝ မရှိမှသာလျှင်၊ မေးခွန်းများကို ဖြေနေသူသည် ကလေးအား နောက် (၆)လအတွင်း မည်သို့ မြင်ချင်ပါသလဲ ဟု မေးသလား။** | | |
| (၄၇)**Routine တစ်ခုအကြောင်း ပြောပြီးတိုင်း၊ မိဘ၏ ၎င်း routine အတွက် စိတ်ကျေနပ်မှု (သို့မဟုတ်) [လိုအပ်တဲ့ သင်ယူမှု၊သင်ကြားမှု လုပ်နိုင်သလားဆိုတဲ့အပေါ် ဆရာ၏ အမြင်ကို] အဆင့် (၁) မှ (၅) အတွင်း မည်သို့ရှိသလဲဟု မေးပါသလား။ မိဘကို *"(၁) မှ (၅)စကေးတွင် (၁) ဆိုတာ "ကြောက်လန့်/စိုးရိမ်"တာဖြစ်ပြီး (၅)ဆိုတာ "အလွန်ကောင်း တယ်"လို့ ဖြစ်ပါတယ်၊ ဒီအချိန် ဖြတ်သန်းမှုကို ဘယ်လိုအမှတ်ပေးပါမလဲ"* လို့ မေးမယ်။ ဆရာကို " ........ *ဒီအချိန်မှာ ကလေးနဲ့ သင်ကြားရတဲ့ အဆင်ပြေမှုကို ဘယ်လိုအမှတ်ပေးပါမလဲ"* လို့ မေးမယ်။ (အခြေအနေ ၂ခုစလုံးတွင် "ကြောက်လန့်/စိုးရိမ်" နှင့် "အလွန်ကောင်း တယ်" ဟူသော စကားလုံးကို အတိအကျ သုံးမည်။)** | | |
| (၄၈) အိမ်တွင် ပုံမှန်လုပ်နေကျ routines အပြင် တစ်ပါတ်လျှင် ကလေးသည် ၁၅ နာရီနှင့် အထက် လုပ်လေ့ရှိသော routines (ဥပမာ၊ ကလေးထိန်းကျောင်း၊ မူကြို) အကြောင်းကို ထည့်သွင်း မေးမြန်းပါသလား။ ၎င်းနေရာတို့မှ ကလေးကို ပြုစု စောင့်ရှောက်သူအား မေးမြန်းခြင်း (သို့) ယခင် သူတို့နှင့် ပြုလုပ်ထားသည့် RBI မှတ်တမ်းကို အသုံးပြုခြင်း ဖြစ်နိုင်ပါသည်။ | | |
| (၄၉) **Routine တစ်ခုပြီးလျှင် နောက် routine တစ်ခု အကြောင်း ဆက်မေးရန် အတွက် "*ပြီးတော့ကော ဘာလုပ်ပါသလဲ။*" ဟု မေးသလား။** | | |

| | | |
|---|---|---|
| **မိသားစု အရေးများ** (**Family Issues**) | | |
| (၅၀) **မိသားစုကို “*သင့်မှာ သင့်အတွက် သို့မဟုတ် သင်နှင့် အခြား တစ်ယောက် အတွက် လုံလောက်သောအချိန် ရှိသလား။*” ဟု မေးသလား။ (ယခင်က ဤအချက်ကို မသိထားမှသာ မေးတာလား။)** | | |
| (၅၁) ***“ညဘက် တရေးနိုးချိန်တွင် သောကရောက်နေလျှင် သင်ဘာအတွက် သောကဖြစ်နေတာပါလဲ”* ဟု မေးသလား။** | | |
| (၅၂)***အကယ်၍ သင့်ဘဝတွင် တစုံတရာကို ပြောင်းလဲ၍ ရမည်ဆိုလျှင် မည်သည့်အရာကို ပြောင်းလဲချင်ပါသလဲ”* ဟု မေးသလား။** | | |
| (၅၃) မေးမြန်းစဉ်တလျှောက် နောက်တစ်ခု ဘာလုပ်မည်ကို ရှင်းပြသလား။ ပြီးခဲ့သည်ကို အနှစ်ချုပ်ရှင်းပြပေးလား။ | | |
| **မေးမြန်းသည့်ပုံ** (**Style**) | | |
| (၅၄) အပြုသဘောဆောင်သည့် ဟန်ပန်အမူအရာကို သုံးသလား။ [ဥပမာ၊ မျက်နှာအမူအရာ (facial expressions) ၊ အသံအပျော့အမာ (tone of voice) ၊ အပြုသဘောဆောင်သည့် ချက်ချင်းတုံ့ပြန်မှု(responsiveness)] | | |
| (၅၅) **ချောမွေ့သော အပြန်အလှန် ပြောဆိုမေးမြန်းမှုကို အစမှအဆုံးတိုင် ထိန်းထားနိုင်သလား။ (ပေါ့ပါးချောမွေ့သော စကားဝိုင်းပုံစံဖြစ်ခြင်း၊ အချိန်ကြာကြာ ရေးမှတ်ခြင်းမျိုး မရှိခြင်း၊ စကားပြတ်ပြီး တိတ်ဆိတ်သွားခြင်းမျိုး မရှိခြင်း။)** | | |
| (၅၆)အစမှအဆုံးတိုင် အာရုံစိုက်မှု ရှိသလား။ အာရုံစိုက်မှုသည် အမေးအဖြေပေါ်တွင် ရှိနေသင့်သည်၊ ကလေး (သို့မဟုတ်) အခြားသူများအပေါ်တွင် ရှိမနေသင့်ပါ။ မျက်လုံးချင်းဆုံမှု ရှိရမည်။ | | |
| (၅၇) ဖြေဆိုနေသူက သူလုပ်ဆောင်နေသောအချက်ကို ပြောဆိုလျှင် အသိအမှတ်ပြုကြောင်း ဖော်ပြသလား။ (ခေါင်းညိတ်ခြင်း၊ အပြုသဘော မှတ်ချက်ပေးခြင်း) | | |

| | | |
|---|---|---|
| (၅၈) **တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ နားထောင်ပါသလား။ (နားလည်လွယ်အောင် လိုအပ်သလို စကားကို ပြန်ပြင် ပြောဆိုခြင်း၊ မိမိနားလည်မှုမှန်စေရန် ရှင်းလင်းအောင် မေးခြင်း၊ အနှစ်ချုပ် ပြောပြခြင်း)** | | |
| (၅၉) အကြံပေးခြင်းကို ရှောင်ရှားသလား။ | | |
| (၆၀) အကဲဖြတ် ခန့်မှန်းဆုံးဖြတ်နေခြင်းမျိုး မရှိသော စိတ်အနေအထားကို ထိန်းထားပါသလား။ | | |
| (၆၁) ကြားဖြတ်အဟန့်အတားတခုခုဖြစ်ပြီးနောက် အမေးအဖြေ ပြုလုပ်ခြင်းကို အလွယ်တကူ ပြန်လုပ်နိုင်သလား။ | | |
| (၆၂) **မိသားစုအား သူတို့၏ ကိုယ်ပိုင်ထင်မြင်ယူဆချက်များ၊ စိတ်ပူပန်ချက်များ စသည်တို့ကို ထုတ်ဖော်ပြောဆိုခွင့် ပေးပါသလား။ (ဆိုလိုသည်မှာ မေးမြန်းနေသူ၏ အယူအဆက အရေးကြီးကြောင်း မိသားစုက ထင်မြင်လာစေရန် ဦးဆောင်ခြင်း၊ သို့မဟုတ် မျှော်မှန်းရလဒ်မရွေးချယ်ခင် မိသားစုအနေနှင့် လုပ်ဆောင်သင့်သည့် ရည်မှန်းချက်များကို လမ်းညွှန်ခြင်းတို့ကို ရှောင်ရှားပါသလား။)** | | |
| (၆၃) အချက်အလက် အကြောင်းအရာထက် ခံစားချက်ကို အရင် အသိအမှတ်ပြုသလား။ (အထူးသဖြင့် ထိရှလွယ်သည့် အကြောင်းအရာ ဖြစ်သော ကိုယ်ပိုင်အချိန်၊ စိုးရိမ်မှု(သောက) နှင့် ပြောင်းလဲလိုသောအချက် မေးခွန်းများ၊) | | |
| **မှတ်စုရေးခြင်း (မှတ်စုရေးသူ သီးသန့်ရှိလျှင် အမှတ်ကို သီးသန့်ပေးပါ)** | | |
| (၆၄) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် မေးခွန်းမေးရာ၌ အဓိကမေးမြန်းသူက သူ့ထံမှ မည်မျှအထိ အကူအညီ လိုသလဲ ကို သိရန်အတွက် ဆွေးနွေးသည်။ | | |
| (၆၅) မှတ်တမ်းကို routine အလိုက် အစီအစဉ်တကျ ရေးသလား၊ routine တခုချင်းစီ၏ ခေါင်းစဉ်ကို ရှင်းလင်းစွာ တပ်သလား။ | | |

| | | |
|---|---|---|
| (၆၆) စိတ်ပူပန်မှုများနှင့် အခြား အရေးကြီးသော အချက်များကို ရေးမှတ်သလား (အသေးစိတ်မဟုတ်ပါ။) | | |
| (၆၇) routine အများစုအတွက် ကြယ် ၃ ပွင့် ရသလား။ | | |
| (၆၈) ကြယ်ပွင့်ကို ဘယ်ဘက် ဘေးမျဉ်းအတွင်းမှာ ပြထားသလား။ | | |
| (၆၉) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် စိတ်ပူပန်စရာ များ (concerns) ကို သေချာစွာ ရေးမှတ်သည်။ | | |
| (၇၀) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် ထပ်မံပြောရန် လိုအပ်မှု သို့မဟုတ် နောက်ထပ်လိုအပ်သော အချက်အလက် ကို သိရန်အတွက် ရှင်းလင်းသောမေးခွန်းများ (clarifying questions) ကို မေးသည်။ | | |
| (၇၁) Routine တစ်ခုစီတိုင်းအတွက် (၁)မှ(၅)စကေးကို မှတ်သည်။ | | |
| (၇၂) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် (၁)မှ(၅)အမှတ် မေးရန် အတွက် အဓိကမေးမြန်းသူအား လိုအပ်လျှင် အချက်ပြသည်။ | | |
| (၇၃) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် အဓိကမေးမြန်းသူ တွင် အခက်အခဲတခုခုဖြစ်လျှင် ကူညီသည်။ (ဥပမာ၊ မေးမြန်းပြောဆိုနေစဉ် စကားပြတ်ပြီး တိတ်သွားခြင်း၊ မိသားစုက မေးခွန်းကို နားမလည်ဖြစ်နေခြင်း၊ အဓိက မေးမြန်းသူက မိဘ၏အဖြေကို နားမလည်ဖြစ်နေခြင်း စသည့် အခက်အခဲများ)၊ သို့သော် အဓိကမေးမြန်းသူနှင့် ကြိုတင် သဘောတူညီချက်ယူထားသည့် ဘောင်အတွင်းတွင်သာ ပြောဆိုကူညီရမည်။ | | |
| (၇၄) မှတ်တမ်းရေးသူကောင်းတစ်ယောက်သည် အနှစ်ချုပ်နှင့် ကြယ်ပွင့်ပြအချက်များကို ပြောပြရန်အတွက် မိဘအနီးသို့ ပြောင်းထိုင်သည်။ (အနှစ်ချုပ်ကို မိဘနှင့်အချိန်တွင်သာ ပြုလုပ်သည်၊ ဆရာနှင့်ဆိုလျှင် မပြုလုပ်ပါ။) | | |
| (၇၅) **ကြယ်ပွင့်ပြအချက်များအားလုံးနှင့် အနှစ်ချုပ်ကို ၅ - ၇ မိနစ် အတွင်း၌ routine အလိုက် ပြောသည်။** | | |

| | | |
|---|---|---|
| (၇၆)အနှစ်ချုပ်ကို ပြောပြနေစဉ် မိဘနားလည်သလားဟု လေ့လာပြီး မေးသလား၊ သို့သော် ရှင်းလင်းမှုရှိစေရန် လိုအပ်သည်ကို မေးခြင်း၊ ပြောခြင်း မျိုးမှလွဲ၍ နောက်ထပ် ဆွေးနွေးမှုမျိုး ဖြစ်လာစေရန် လမ်းကြောင်းပေးခြင်း သို့မဟုတ် အားပေးခြင်း မပြုလုပ်ပါ။ | | |
| **မျှော်မှန်းရလဒ်ကို ဆုံးဖြတ်ခြင်း Outcome/Goal Decisions** | | |
| (၇၇) လိုအပ်လျှင် အဓိကမေးမြန်းသူသည် မိဘ၏ဘေးသို့ နေရာပြန်ယူပါသလား။ | | |
| (၇၈)**စာရွက်အလွတ်အသစ်(၁)ရွက်ကို ယူ၍ ရအောင် လေ့ကျင့် သင်ကြားပေးလိုသော မျှော်မှန်းရလဒ်များစာရင်းကို မိဘအား မေးသလား ။ (စာရင်းအသစ်ဖြစ်ပါသည်)** | | |
| (၇၉) မိသားစုအား သူတို့ ဘာကို (မည်သည့်မျှော်မှန်းရလဒ်များကို) လိုချင်တာလဲဟု သေချာစွာ စဉ်းစားနိုင်ရန် အချိန် အလုံအလောက် ပေးပါသလား။ | | |
| (၈၀) အကယ်၍ မိသားစုရွေးချယ်သော မျှော်မှန်းရလဒ်သည် (၁၀) ခု ထက်နည်းနေလျှင် မှတ်တမ်းကို မိသားစုအား ပေးဖတ်ပါ သလား။ | | |
| (၈၁) အကယ်၍ မိသားစုသည် မဆုံးဖြတ်နိုင်သေးလျှင် မှတ်တမ်းကို မိသားစုနှင့် အတူတကွ ကြည့်ရှုသလား။ | | |
| (၈၂) မျှော်မှန်းရလဒ် (၁၂)ခုကို ရပြီဆိုလျှင် ထပ်မံစဉ်းစားရန် အားပေးခြင်းကို ရပ်လိုက်ပါသလား။ | | |
| (၈၃)မိသားစုက ရွေးချယ်သည့် မျှော်မှန်းရလဒ်သည် နေ့စဉ်ဘဝနှင့် ဆီလျော်မှု မရှိလျှင် မိဘကို ရှင်းလင်းအောင် ပြန်မေးပါသလား။ (ကလေး၏နေ့စဉ် လုပ်နေကျအလုပ်များနှင့် ဆက်စပ်မှု မရှိခြင်း ကို ဆိုလိုပါသည်.) | | |
| (၈၄) ကလေး၏ မျှော်မှန်းရလဒ်တိုင်းကို ဆက်စပ်မှုရှိသည့် routine များနှင့် တွဲဖက် ရေးသားသလား။ | | |
| (၈၅) လိုအပ်ပါက မိသားစုနှင့်ဆိုင်သည့် မျှော်မှန်းရလဒ် (၁)ခု ပါဝင်စေရန် မိသားစုကို အားပေး ချမှတ်စေပါသလား။ | | |

| | | |
|---|---|---|
| (၈၆)**မိသားစုအား မျှော်မှန်းရလဒ်များကို ၎င်းတို့အတွက် အရေးကြီးမှုအလိုက် ဦးစားပေးအစီအစဉ် ရွေးချယ်စေပါ သလား။** | | |
| (၈၇) ယခု မေးမြန်းပြောဆိုခြင်းများမှရရှိသော အချက်အလက်များ ကို နောက်တဆင့် မည်သို့ အသုံးပြုမည်ဆိုသည်ကို မိဘအား ရှင်းပြပါသလား။ (ဥပမာ၊ မိသားစု နှင့် အတူတကွ မျှော်မှန်းရလဒ်များကို နေ့စဉ်ဘဝနှင့် ဆက်စပ်ပြီး တိတိကျကျ ရေးမည်၊ လိုအပ်သောဝန်ဆောင်မှုကို ဆုံးဖြတ် မည်၊ မျှော်မှန်းရလဒ်များကို မိသားစုတဦးချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်တွင် ထည့်သွင်းမည်၊) | | |
| **Optional - ပါဝင်ဆောင်ရွက်မှုအခြေပြု ရည်မှန်းရလဒ်များကို မိသားစုနှင့်အတူ ရေးသားခြင်း** | | |
| (၈၈) မျှော်မှန်းရလဒ်များကို စတင်မရေးသားခင် မိဘကို ခဏတာမျှ နားချင်ပါသလား ဟု မေးသလား။ | | |
| (၈၉) မျှော်မှန်းရလဒ်များကို ရေးသားရာ၌ မိသားစုရွေးချယ်ထားသော ဦးစားပေးအစီအစဉ်အတိုင်း သွားပါသလား။ | | |
| (၉၀) ကလေးအတွက် မျှော်မှန်းရလဒ်များကို ရေးရာ၌ "[ကလေး၏အမည်]သည် ................ ပါဝင်လုပ်ဆောင်သည်" ဟု ရေးပါသလား။ | | |
| (၉၁) မျှော်မှန်းရလဒ်စွမ်းရည်ကို အသုံးပြုရန်လိုအပ်သော routine များကို ရေးသလား။ (အကယ်၍ routine တစ်ခုသာ ဖြစ်နေလျှင်၊ တနေ့တာ၏ အခြားမည်သည့်အချိန်များတွင်လည်း လိုအပ်မလဲဟု မေးပါသလား။) | | |
| (၉၂) မည်သို့လုပ်ဆောင်သည် ဆိုသည်ကို တိကျစွာ ရေးပါသလား။ [ဥပမာ၊ ဇွန်းနှင့်စားခြင်း၊ အကူအညီအနည်းငယ်နှင့် ထိုင်ခြင်း၊ ရုပ်ပုံဆက်(puzzles)ကို ပြည့်စုံပြီးမြောက်အောင် ဆက်ခြင်း၊ စကားလုံး(၂)ခု ပေါင်းစပ်အသုံးပြုခြင်း၊ အခြားကလေးနှင့် အတူတကွ အဆင်ပြေပြေ ကစားခြင်း] | | |

| | | |
|---|---|---|
| (၉၃) ကလေး လုပ်နိုင်နေပြီဖြစ်ကြောင်းကို မည်သို့ သတ်မှတ်ချက် ထား ဆုံးဖြတ်မည်ကို မိသားစုနှင့် ဆွေးနွေးပါသလား (acquisition criterion)။ လိုအပ်ပါက သတ်မှတ်ချက်ထားပုံ ကို မိသားစုအား ရှင်းပြ အကြံဉာဏ်ပေးပါသလား (ဥပမာ၊ "သင့်အနေနဲ့ ကလေးကို ထမင်းစားချိန်မှာ ဇွန်းနဲ့ ဘယ်နဇွန်းစားစေချင်တာလဲဟု ရည်မှန်းချက်ချနိုင်ပါတယ်") စံသတ်မှတ်ချက်သည် ကြာချိန်၊ အကွာအဝေး၊ သို့မဟုတ် ပမာဏ ဖြစ်လေ့ရှိပါသည်။ | | |
| (၉၄) တနေ့တာတွင် မျှော်မှန်းရလဒ်ကို ရရှိရန် ဆောင်ရွက်မည်ဟု ရည်ရွယ်ထားသော routine မည်မျှရှိသင့်ကြောင်း မိသားစုနှင့် ဆွေးနွေးပါသလား။ (ဥပမာ၊ တစ်ချိန်သာ၊ အချိန်တိုင်း၊ သုံးချိန်မှာ နှစ်ချိန်၊ စသဖြင့်) | | |
| (၉၅) မျှော်မှန်းရလဒ်စွမ်းရည်အား အချိန်မည်မျှအထိ ဆက်တိုက် လုပ်ဆောင်မှုကို တွေ့မြင်သင့်ကြောင့် မိသားစုနှင့် ဆွေးနွေးပါသလား။ (ဥပမာ၊ ၃ ရက်ဆက်တိုက်၊ တစ်ပါတ်လုံး၊ တစ်ပါတ်လျှင် ၄ ရက်, စသဖြင့်) | | |
| (၉၆) မိသားစုအတွက် ရည်မှန်းချက်ကို သတ်မှတ်ချက်တစ်ခု ရရှိရန် မိသားစုနှင့် ဆွေးနွေးပါသလား။ သတ်မှတ်ချက်သည် ရည်မှန်းထားသည့် ရက်(နေ့စွဲ) ဖြစ်နိုင်ပါသည်။ (ဥပမာ၊ ဩဂုတ်လ ၁ ရက်နောက်ဆုံးထားပြီး)၊ သို့မဟုတ် အခြား သင့်လျော်သလို ဖြစ်နိုင်ပါသည်။ | | |

(က) စုစုပေါင်း + ကို ရေတွက်ပြီး ရှေ့ဆုံးစာမျက်နှာတွင် ဖြည့်ပါ။

(ခ) အမှတ်ပေးထားသည့် အချက်များအားလုံး၏ အရေအတွက်ကို ဖြည့်ပါ။

(က) ကို (ခ) နှင့် စားပါ။ ရလဒ်ကို ၁၀၀ နှင့် မြှောက်ပါ။ ရာခိုင်နှုန်းရပါမည်။ ၎င်း %အဖြေကို ကွက်လပ်တွင် ဖြည့်ပါ။

အရောင်ရင့်ပြအချက်များနှင့် EISR အချက်များ အတွက်လည်း အထက်ပါနည်းအတိုင်း တွက်ပါ။

This work is licensed under the Creative Commons Attribution-NonCommercial-NoDerivatives 4.0 International License. To view a copy of this license, visit http://creativecommons.org/licenses/by-nc-nd/4.0/ or send a letter to Creative Commons, PO Box 1866, Mountain View, CA 94042, USA.